# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
# သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် မလေးရှားနိုင်ငံလူ့အခွင့်အရေး ကော်မရှင်က ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော အခြေအမြစ်မရှိသည့် မီဒီယာထုတ်ပြန်ကြေညာချက်ကို ပြင်းပြင်းထန်ထန်နှင့် ပြတ်ပြတ်သားသားပယ်ချပါသည်။

မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် ခက်ခဲနက်နဲသည့် အခြေအနေမှန်များကို မျက်ကွယ်ပြုထားသော တစ်ဖက်သတ်အမြင်ဖြင့် အထောက်အထားမဲ့ စွပ်စွဲချက်များသာ ပါရှိသော ယင်းကြေညာချက်ကို မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်အနေဖြင့် ပြင်းထန်စွာ ရှုတ်ချသည်။ "စစ်အာဏာရှင်" ဟူသော နိုင်ငံရေးအရ နှိမ်ချသည့် စကားလုံးများကို အသုံးပြုခြင်းသည် အစိုးရတစ်ရပ်ကို လေးစားမှုမရှိဘဲ ရည်ရွယ်ချက်ရှိရှိ သွေးထိုးလှုံ့ဆော်ခြင်းဖြစ်ပြီး အာဆီယံ၏ အဓိကမူဝါဒများဖြစ်သော အဖွဲ့ဝင်နိုင်ငံများ၏ စည်းလုံးညီညွတ်မှု ခိုင်မာစေရေးနှင့် ဝင်ရောက်စွက်ဖက်ခြင်းမပြုရေး မူဝါဒကို တိုက်ရိုက် ချိုးဖောက်ခြင်းဖြစ်ပါသည်။ ထိုကဲ့သို့သော လုပ်ရပ်များသည် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းတစ်ရပ်၏ အခန်းကဏ္ဍနှင့် လုံးဝသက်ဆိုင်ခြင်းမရှိသော ဆောင်ရွက်ချက် ဖြစ်သည်။

မြန်မာနိုင်ငံသည် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့နှင့် စပ်လျဉ်းသည့် စိန်ခေါ်မှုများ ရှိနေသည့် ကာလတစ်ရပ်ကို ဖြတ်သန်းကျော်လွှားနေသည့် အာဆီယံအဖွဲ့ဝင် အချုပ်အခြာအာဏာ ပိုင် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။နိုင်ငံတော်အစိုးရအနေဖြင့်ပုံမှန်အခြေအနေများပြန်လည်ရရှိစေရန်နှင့် ငြိမ်းချမ်းသည့် ဒီမိုကရေစီလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်နိုင်စေရန်လိုအပ်သည့်စီမံဆောင်ရွက် မှုများ အားလုံးကို ဆောင်ရွက်လျက်ရှိပါသည်။ ရွေးကောက်ပွဲကျင်းပရန် စီစဉ်ဆောင်ရွက်ခြင်းသည် အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံ၏ ဆောင်ရွက်ပိုင်ခွင့်ရှိသည့်ကိစ္စဖြစ်ပြီး ယင်းလုပ်ငန်းစဉ်များ အပေါ် ပြင်ပအဖွဲ့အစည်းများမှ ကြိုတင်အကဲဖြတ်ခြင်း သို့မဟုတ် ကန့်သတ်တားမြစ်ချက်များ ချမှတ်ရန် ကြိုးပမ်းခြင်းသည် လုံးဝ လျော်ကန်မှုမရှိပါ။

အာဆီယံပဋိညာဉ်စာတမ်းနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့တွင် ပြဋ္ဌာန်းပါရှိသော ပြည်တွင်း ရေးကိစ္စရပ်များအပေါ် ဝင်ရောက်စွက်ဖက်ခြင်းမပြုရ ဆိုသည့် အရေးကြီးသည့် အဓိက အခြေခံမူဝါဒ ကို လေးစားလိုက်နာရမည်ဖြစ်ပါသည်။ အချုပ်အခြာအာဏာပိုင်ဆိုင်သည့် နိုင်ငံအစိုးရ၏ ကြိုးပမ်း အားထုတ်မှုများကို လျစ်လျူရှု၍ ပြင်ပမှဝင်ရောက်စွက်ဖက်ခြင်းသည် တည်ငြိမ်မှုကို ထိပါးစေပြီး အလွန် အန္တရာယ်ရှိသော လုပ်ရပ်ဖြစ်သည်။

လူသိရှင်ကြား ရှုတ်ချဝေဖန်ခြင်းထက် အပြုသဘောဆောင်သော ထိတွေ့ဆောင်ရွက်မှုများကို သာဆောင်ရွက်သင့်သည်ဟု မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကအခိုင်အမာ ယုံကြည် ပါသည်။ မကြာသေးမီက နိုင်ငံတော်အစိုးရက ကျင်းပခဲ့သော ပါတီစုံအထွေထွေရွေးကောက်ပွဲ၏ ပထမအပိုင်း နှင့် ဒုတိယအပိုင်းတို့ကို လွတ်လပ်ပြီး တရားမျှတစွာဖြင့် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ သည်ကို အပြည်ပြည်ဆိုင်ရာ လေ့လာစောင့်ကြည့်သူများ မျက်မြင်တွေ့ရှိခဲ့ပြီးဖြစ်ပါသည်။

အပြီးသတ်တတိယအပိုင်းကိုလည်း စီစဉ်ထားသည့်အတိုင်း နိုင်ငံတော်အစိုးရက ဆက်လက် ကျင်းပသွားလိမ့်မည်ဖြစ်ပါ သည်။

ထို့ကြောင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် မိတ်ဆွေမပီသသောအဆိုပါ ထုတ်ပြန်ကြေညာချက်ကို ပြတ်ပြတ်သားသား ရှုတ်ချ၍ ပယ်ချကြောင်းနှင့် နိုင်ငံတကာ အသိုက်အဝန်းအတွင်း တင်းမာမှုများကို ပိုမိုပြင်းထန်စေပြီး စိတ်ဝမ်းကွဲပြားမှုများ တိုးပွားစေမည့် ထိုကဲ့သို့သော ကြေညာချက်များ ထပ်မံထုတ်ပြန်ခြင်းကို မလေးရှားနိုင်ငံလူ့အခွင့်အရေးကော်မရှင်အနေဖြင့် ချက်ချင်း ရပ်တန့်ပေးသွားရန် ပြင်းပြင်းထန်ထန် တောင်းဆိုပါသည်။ သက်ဆိုင်ရာ အဖွဲ့အစည်းအားလုံးအနေဖြင့်လည်း မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ မြန်မာနိုင်ငံ ပြည်သူလူထု အကျိုးနှင့် သာယာဝပြောမှုတို့ကို လေးစားကာ အကန့်အသတ်မထားဘဲ အားလုံးပါဝင်မှုရှိသည့် ငြိမ်းချမ်းသောဆွေးနွေးမှုများကို ထောက်ခံအားပေးသွားကြပါရန် တိုက်တွန်း ဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်